# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

NEWSLETTER VOLUME NO. 10

DATED: November 2024


| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်း အထိမ်းအမှတ်အခမ်းအနား တက်ရောက်အမှာစကားပြောကြား |
| ၂။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား |
| ၃။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ |
| ၅။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ဂျပန်နိုင်ငံ၊ ဝန်ကြီးချုပ် H.E. Mr. Shigeru Ishiba ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ |
| ၆။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် တည်ထောင်ခြင်း (၃)နှစ်ပြည့် အထိမ်းအမှတ်နှင့် ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့် |
| ၇။ | ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြား |
| ၈။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံ |

| | |
|---|---|
| ၉။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား |
| ၁၀။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်း |
| ၁၁။ | ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်း ဆောင်ရွက်ရေး ဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ ထိပ်သီးအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက် |
| ၁၂။ | တတိယအကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေးအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကာဂျစ် ဒုတိယဝန်ကြီးချုပ်၊ နီပေါ နိုင်ငံခြားရေး ဝန်ကြီးတို့နှင့် ဒိုဟာမြို့၌ သီးခြားစီတွေ့ဆုံ |
| ၁၃။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အပြည်ပြည် ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲMr. Daihei Mochizuki က ခန့်အပ်လွှာ လာရောက်ပေးအပ် |
| ၁၄။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အေဂျင်စီများနှင့် ရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကျင်းပ |
| ၁၅။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ် အား လက်ခံတွေ့ဆုံ |
| ၁၆။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးက ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား လက်ခံတွေ့ဆုံ |
| ၁၇။ | Yoshinosato Group ၏ လုပ်ငန်းများသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သွားရောက်လေ့လာ |
| ၁၈။ | အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် |
| ၁၉။ | (၄၄) ကြိမ်မြောက်နှင့် (၄၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများနှင့် ဆက်စပ် အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက် |

| | |
|---|---|
| ၂၀။ | **အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်** |
| ၂၁။ | **တိုင်ဖုန်းမုန်တိုင်းရာဂီကြောင့် ထိခိုက်ခံစားရသည့် မြန်မာပြည်သူများအတွက် ဂျပန်အစိုးရမှ အရေးပေါ် အကူအညီပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ခြင်း** |
| ၂၂။ | **မြန်မာနိုင်ငံအနေဖြင့် ပနားမီးပုစွန်ဖြူကို တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိ** |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်း အထိမ်းအမှတ်အခမ်းအနား တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (ဇဟိုဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြား သည်။

ဦးစွာ နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်နိုင်စေရန် ရည်ရွယ်ပြီး ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ်ကို အတည်ပြုခဲ့သည့် ၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၇ ရက်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားများကိုကျင်းပလျက်ရှိကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်အလိုက် ဆောင်ပုဒ်များ သတ်မှတ်၍ကျင်းပခဲ့ပြီး ယခုနှစ်အတွက် "ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ် ဖော်ဆောင်ပေး- Tourism and Peace" ဆိုသည့် ဆောင်ပုဒ်ဖြင့် ဂျော်ဂျီယာနိုင်ငံ၊ ထရီဗီလီဆီမြို့၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပလျက် ရှိကြောင်း။

EMBASSY OF MYANMAR, TOKYO

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အပြည်ပြည်ဆိုင်ရာ နားလည်မှုရရှိစေရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ လူ့အခွင့်အရေးကို လေးစားရေး၊ လူမျိုးရေးခွဲခြားမှုကင်းသည့် အခြေခံလွတ်လပ်ခွင့်ရရှိရေး၊ လွတ်လပ်စွာကိုးကွယ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရေးတို့ကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ၁၉၇၆ ခုနှစ်တွင် "ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization-UNWTO)" ကို စတင်ဖွဲ့စည်း ခဲ့ကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆၀၊ တွဲဖက်နိုင်ငံ အဖွဲ့ဝင် နိုင်ငံ ၆ နိုင်ငံ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်း ၅၀၀ ကျော်တို့ပါဝင်ကာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ပြီး "ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)" ဟု အမည်ပြောင်းလဲ သတ်မှတ်ခဲ့ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံး ဝန်ဆောင်မှုလုပ်ငန်းများထဲတွင် တစ်ခုအပါအဝင် ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ စာရင်းဇယားများအရ ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီအချိန်က ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ခရီးသည်စုစုပေါင်း ၁ ဒသမ ၅ ဘီလီယံ လှည့်လည် သွားလာခဲ့ပြီး ခရီးသွား လုပ်ငန်းမှ ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံ ရရှိခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်း သည် ကမ္ဘာလုံးဆိုင်ရာ GDP တွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းရရှိခဲ့ပြီး အလုပ်အကိုင်ပေါင်း သန်း ၃၃၀ ကို ဖန်တီး ပေးနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမ ငါးလအတွင်း ငါးသိန်းကျော် ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ယခင်နှစ်ထက် ခရီးသည် ဝင်ရောက်မှုကို ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်နိုင်ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လက်တွေ့ကျပြီး ဖြစ်နိုင်သည့်လုပ်ဆောင်ချက်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားခေါင်းဆောင်များ ကိုယ်တိုင်ကလည်း နိုင်ငံတော် အစိုးရနှင့်လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဆိုပါက တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးသည် လျင်လျင်မြန်မြန် တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဖြင့် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝကို ပြည်လည်ထူထောင်နိုင်မည် ဖြစ်သည့်အတွက် ငြိမ်းချမ်းရေး၏

EMBASSY OF MYANMAR, TOKYO

အရသာနှင့် အသီးအပွင့်များကို ရရှိခံစားလာနိုင်မည်ဖြစ်ခြင်းကြောင့် လက်ရှိဆူပူ အကြမ်းဖက်မှုများ လျော့နည်းပပျောက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို ဦးစားပေး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

“ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ် ဖော်ဆောင်ပေး” ဟူသည့် ၂၀၂၄ ခုနှစ် ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ခရီးသွားလုပ်ငန်းကဏ္ဍဆောင်ရွက်သူများအားလုံး နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး တက်ညီလက်ညီ ပါဝင်ဆောင်ရွက် သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်း အထိမ်းအမှတ်အခမ်းအနား တက်ရောက်အမှာစကားပြောကြားစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်း အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသအလိုက်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၁

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ တော်လှန်ရေးကောင်စီခေတ် ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် "ပြည်သူ့ရဲတပ်ဖွဲ့" ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ် လည်း စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ "မြန်မာနိုင်ငံရဲတပ်ဖွဲ့" ဟု ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါ နှစ် (၆၀)ပြည့်နှစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

EMBASSY OF MYANMAR

တို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉)ရပ် အောင်မြင်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွား ဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး အပြည့်အဝရရှိစေရေးတို့ကို အလေးထားဆက်လက် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်နှင့်အတူ အကြမ်းဖက်မှု ချေမှုန်းရေးကိုလည်း ပြည်သူနှင့်အတူ လက်တွဲပြီး ဆောင်ရွက်ရန် အလေးထားမှာကြားလိုကြောင်း။

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ် တားဆီးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် ပြစ်မှုများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံအတွင်း စည်းကမ်း သေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး ဆိုသည့် လုပ်ငန်းတာဝန် (၆) ရပ်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း။

ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင်လည်း ရဲလုပ်ငန်း ကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့် ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာ မြင့်မားပြီး ပြည်သူက လေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက် တာဝန် (၄) ရပ်နှင့် လုပ်ငန်းတာဝန် (၆) ရပ်တို့ကို အောင်မြင်အောင် ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ အား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား မိတ္ထီလာမြို့ရှိ ကန်တော်မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာဒေသနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အရှေ့အနောက်တောင် မြောက်ဆုံသည့် နေရာတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက် ၍ အချက်အချာကျသည့် လမ်းဆုံမြို့တစ်ခုဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေကို ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်သကဲ့သို့ မိတ္ထီလာဒေသကိုလည်း စံပြနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးတိုး တက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တည်နေရာအနေအထားအရ နိုင်ငံ၏ အလယ်ပိုင်း ၌ရှိသည့်အပြင် ကုန်သွယ်မှုတွင် ဗဟိုကျပြီး အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သကဲ့သို့ ပညာ ရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်တစ်ခုဖြစ် ကြောင်း၊ သွားလာမှုနှင့်ပတ်သက်၍လည်း အဆင်ပြေလွယ်ကူသည့် မြေအနေအထား ပိုင်ဆိုင် ထားသည့်ဒေသတစ်ခုဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဒေသ တစ်ခုဖြစ်ကြောင်း။

EMBASSY OF MYANMAR TOKYO

မိတ္ထီလာခရိုင်သည် ဝါနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ထွက်ရှိသည့်ဒေသတစ်ခု ဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့် စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အမြင်ကျယ်ကျယ် ဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါဂွမ်းများမှ အဆင့်မီသည့် ချည်ထည်ပစ္စည်းများအဆင့်ထိ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက် ပြည့်မီ ပါက ပြည်ပသို့လည်းတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသအနေဖြင့် ဒေသတွင်း ဖြစ်ထွန်းသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊ နိုင်ငံ၏ ချည်ထည်၊ အထည်လိပ်လုပ်ငန်းများ၌ ဦးဆောင်ဒေသတစ်ခု၊ စံပြခရိုင်တစ်ခုအဖြစ် ဖြစ်ပေါ်လာ အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်စေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိ ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သာမန်ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ အားထည့်၍ ဆောင်ရွက်သွားရန်လိုအပ်ပြီး အချိန်ကိုအကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်တာဝန်ထမ်းဆောင်နေကြသူများ၊ ဒေသခံများအားလုံးက အမြင်ကျယ်ကျယ်ဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြား ခဲ့ပါသည်။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ အား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

အောက်တိုဘာလ ၅ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် လူသားတိုင်းတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ အသီးသီးရှိကြရာ အာစရိယဆရာတို့၏ ဂုဏ်ကျေးဇူးတန်ဖိုးက အတိုင်းအဆမရှိ တုနှိုင်းမရအောင် ကြီးမားမြင့်မြတ်လှပေသည်။ မြင့်မြတ်သော ဆရာတို့၏ ဂုဏ်ကျေးဇူးများကို ဖော်ကျူးကာ လေးစားစွာဖြင့် ကမ္ဘာအနှံ့ ချီးမြှင့်ဂုဏ်ပြု လာခဲ့ကြပါသည်။ ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ရောက်တိုင်း “ဆရာကို တန်ဖိုးထားလို့ သူတို့အနာဂတ်ကို မြှင့်တင်ကြစို့”၊ “အနာဂတ်ဘဝ လှပဖို့ ဆရာများက ကြိုးစားစို့”၊ “ဆရာ၊ ဆရာမ တန်းတူညီ၊ လူ့ဘောင်ပြည်ရွှာသာယာမည်”၊ “ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများက အစပြု” စသည့် ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးသည့် ဆောင်ပုဒ်များချမှတ်ကာ ကမ္ဘာ့ဆရာများနေ့ကို ကျင်းပလာခဲ့ကြသည်မှာ နှစ်ပေါင်း (၃၁)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မြတ်ဆရာတို့၏ ကျေးဇူးများကို အထူးသိမြင်ဦးထိပ်ပန်ဆင်လျက် ပူဇော်ကန်တော့လာခဲ့ကြသည့် ထုံးတမ်းစဉ်လာမှာ ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့ထိတိုင်အောင်ဖြစ်သည်။ ရိုသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခင်ထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သော ဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေလျှင် အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသော သဘောတရားများကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများသည့်နေရာကို တိုက်တွန်းပေးခြင်းဟူသည့် ဆရာ့အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ဆရာတို့သည် “အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ” ဟူသော ဆရာ့ဝတ္တရားငါးပါးနှင့်အညီ စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသည့် နာသုံးနာဖြင့် တပည့်တို့အား ပညာပြည့်ဝနလုံးလှအောင် ပညာသင်ကြားပေးကြပါသည်။

EMBASSY OF MYANMAR, TOKYO

ဆရာတို့သည် တပည့်များကို စာကိုလည်းသင်၍ စိတ်ကိုလည်း ပြင်ပေးကြရပါမည်။ လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်အောင် လမ်းပြပေးကြရပါမည်။ အတ္တကိုယ်ကျိုးနှင့်ယှဉ်၍ ပရဟိတ အများအကျိုးဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် အသိပညာပေးဆုံးမကြရပါမည်။ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဟူသည့် မြန်မာ့စိတ်ထားကို နှလုံးသားတွင် စိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြပါမည်။ နိုင်ငံအတွက် အမျိုးသားရေးတာဝန်များဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းချစ်ပြည်ချစ်စိတ် ကိန်းအောင်းတိုးပွားလာစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုလည်း သွန်သင်ပြပေးကြရပါမည်။

ယခုအခါ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်လျက်ရှိရာ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် ပင်ကိုအရည်အချင်း၊ စွမ်းရည်များပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရှင်သန် အားကောင်းနေရန် လိုအပ်ပါသည်။ ထို့ကြောင့် ဆရာကောင်းတစ်ဦး ဖြစ်ရမည့်အချက်များနှင့် ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး ဗလငါးတန်နှင့် ပြည့်စုံသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုး သယ်ပိုးကြမည့် အနာဂတ်နိုင်ငံ့သားကောင်း သမီးကောင်း ရတနာများဖြစ်လာရန် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ဆရာဆရာမများသည် တပည့်များကို အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရန် သင်ကြားပြသပေးနေကြသည်ဖြစ်ရာ ဆရာ ဆရာမများ ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှစတင်ပြီး ပညာအရည်အချင်းအလိုက် ခံစားခွင့်များ ထပ်ဆောင်းချီးမြှင့်ခဲ့ရာ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ် ထောက်ပံ့ပေးသကဲ့သို့ ဆရာ ဆရာမ အိမ်ရာများ ကိုဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် ဆောင်ပုဒ်အဖြစ် "ဆရာများ၏ ရင်ဖွင့်သံကို အလေး ထားကြပါစို့ (Valuing Teacher's Voices)" ဟုသတ်မှတ်ထားသည်နှင့်အညီ ဆရာများ ရင်ဆိုင်ကြုံ တွေ့နေရသော အခက်အခဲ၊ စိန်ခေါ်မှုများကို အာရုံစိုက်ဖြေရှင်းပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက် ပေးကြရန်နှင့် ဆရာများ၏ ကျွမ်းကျင်သော အတတ်ပညာများကို အမိအရ ရယူကြ၍ မိမိတို့ဘဝနှင့် နိုင်ငံတော်အတွက် အသိပညာကြွယ်ဝပြီး ဗလငါးတန်နှင့် ပြည့်ဝသည့်

EMBASSY OF MYANMAR, TOKYO

လူ့စွမ်းအားအရင်းအမြစ်များ ရရှိအောင် သင်ယူလေ့လာကြပါရန် ကမ္ဘာ့ဆရာများနေ့တွင် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း ဖော်ပြပါရှိပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ဂျပန်နိုင်ငံ၊ ဝန်ကြီးချုပ် H.E. Mr. Shigeru Ishiba ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် စတင် တာဝန်ထမ်းဆောင်သည့် H.E. Mr. Shigeru Ishiba ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ ခဲ့ပါသည်။

ယင်းသဝဏ်လွှာတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ H.E. Mr. Shigeru Ishiba အနေဖြင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ ဂျပန်နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် စတင်ထမ်းဆောင်သည့် အပေါ် ဝမ်းမြောက် ဂုဏ်ပြုပါကြောင်း၊ ဝန်ကြီးချုပ် H.E. Mr. Shigeru Ishiba ၏ ခေါင်းဆောင်မှု အောက်တွင် ဂျပန်နိုင်ငံသည် ဆက်လက်တိုးတက်သာယာဝပြောနေမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ အပြန်အလှန်အကျိုးစီးပွား တိုးတက်ရေးအတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု

နှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ခိုင်မြဲစေရန် လက်တွဲလုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။

ဝန်ကြီးချုပ် H.E. Mr. Shigeru Ishiba အနေဖြင့် အမြင့်ဆုံးတာဝန်ကို ထမ်းဆောင်နေချိန်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး အောင်မြင်မှုပန်းတိုင် ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် တည်ထောင်ခြင်း (၃)နှစ်ပြည့် အထိမ်းအမှတ်နှင့် ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် တည်ထောင်ခြင်း (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်နှင့် ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်း လုံခြုံရေးအား ကာကွယ်စောင့်ရှောက်ရန် အတွက် ၄၈ မီတာ အမြန်သွား ကင်းလှည့်ရေယာဉ်လေးစင်း တပ်တော်ဝင်ခြင်းအခမ်းအနားကို အမှတ်(၃)ရေတပ် ဆိပ်ခံတံတား (သီလဝါ)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားခဲ့ပါသည်။

အမှာစကားပြောကြားရာတွင် ယနေ့သည် ၄၈ မီတာအမြန်သွားကင်းလှည့် ရေယာဉ်သစ် လေးစင်းကို မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တွင် အင်အားဝင်ရေယာဉ်များအဖြစ် တပ်တော်ဝင် စာရင်းသွင်းနိုင်သည့် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်သကဲ့သို့ တပ်မတော်နှင့် ကမ်းခြေစောင့် တပ်ဖွဲ့ အတွက် အင်အားသစ်လောင်းသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် ကမ်းခြေစောင့်တပ်ဖွဲ့၏ (၃)နှစ်ပြည့် တပ်နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် သတ်မှတ်လုပ်ငန်းတာဝန်များဖြစ်သည့် လူသားချင်း စာနာအကူအညီပေးရေးကဏ္ဍတွင် သဘာဝဘေးဒုက္ခကယ်ဆယ်ခြင်း၊ ပင်လယ်ပြင်၌ အရေးပေါ်

EMBASSY OF MYANMAR, TOKYO

လိုအပ်ချိန်များတွင် အကူအညီပေးခြင်းတို့ကို ဒေသတွင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ တရားမဝင်မှောင်ခိုလုပ်ငန်းများ၊ ဆိပ်ကမ်းများတွင် နိုင်ငံတကာရေယာဉ်များအား စစ်ဆေးကြပ်မတ်ခြင်း (Port State control Inspections) စသည့်စစ်ရေးနှင့်မသက်ဆိုင်သော ရေကြောင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တာဝန်များကိုလည်း ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ယခုကဲ့သို့များပြားသည့် ရေကြောင်းဆိုင်ရာ တာဝန်များကို ထမ်းဆောင်နိုင်ရေး နှစ်စဉ်တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရေမိုင် ၁၃၀၀ ခန့်ရှိသည့် ကမ်းရိုးတန်း၊ ကျွန်းပေါင်း (၁၄၀၀) ရှိပြီး ရေပြင်နယ်နိမိတ် စတုရန်း ရေမိုင် (၁၄၃,၁၁၀.၇၂)ရှိသည့် မြန်မာနိုင်ငံအတွက် ကမ်းခြေစောင့်တပ်ဖွဲ့ကို ယခုထက်များစွာသော ရေယာဉ်၊ လက်နက်ပစ္စည်းကိရိယာ၊ လူ့စွမ်းအားများကို တိုးချဲ့သွားရဦးမည်ဖြစ်ကြောင်း၊ ရေကြောင်းဆိုင်ရာ ဥပဒေများ၊ နိုင်ငံတကာဥပဒေများ၊ IMO Regulation များ၊ မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် Convention များ၊ Treaty များကို ကောင်းမွန်စွာ သိရှိနားလည်ပြီး မိမိနိုင်ငံအကျိုးစီးပွားအတွက် ထိရောက်စွာ အသုံးချနိုင်ရမည်ဖြစ်သကဲ့သို့ အဆိုပါ ဥပဒေများနှင့်အညီ ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်နိုင်ရန်လည်း လိုအပ်ကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့် “စောင့်ရှောက်ကာကွယ်ဒို့ပင်လယ်” ဆောင်ပုဒ်အတိုင်း မြန်မာ့ပင်လယ်နှင့် ပင်လယ်ပြင်သယံဇာတ အကျိုးစီးပွားများကို စောင့်ရှောက်ကာကွယ် နိုင်စွမ်းရှိသော၊ စွမ်းရည်ရှိသော၊ နိုင်ငံတကာကမ်းခြေစောင့် တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်သော တပ်ဖွဲ့တစ်ခုအဖြစ် ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် တည်ထောင်ခြင်း (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် အမြန်သွားကင်းလှည့် ရေယာဉ်လေးစင်း တပ်တော်ဝင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

## ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ အတူတကွပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့် လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူပူးပေါင်း၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုပူးပေါင်း ပါဝင်မှသာလျှင် လုံခြုံရေးသည် ခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်း။

EMBASSY OF MYANMAR TOKYO

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကိုစတင်ထမ်းဆောင်ခဲ့ရစဉ်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အန္တိမရည်မှန်းချက်အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏ အာဏာများပြန်လည်အပ်နှင်းသွားမည်ဟု အတိအလင်းပြောဆိုခဲ့ပြီးဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်အောင်မြင်စေရေးအတွက် မိမိတို့အနေဖြင့် တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမည်ဆိုပါက ပညာတတ်များ ပေါ်ကြွယ်ဝရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူထားရသည့် ခရိုင်အတွင်းကျောင်းနေရာခိုင်နှုန်း မြင့်မားစေရေး၊ ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခရိုင်အလိုက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်းဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ ကုန်ထုတ်လုပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်လည်း စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့်နေရာဒေသအလိုက် တာဝန်ထမ်းဆောင်ရာတွင် မှတ်ကျောက်တစ်ခု စိုက်ထူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် မြို့နယ်အလိုက်၊ ခရိုင်အလိုက်ကျက်သရေမင်္ဂလာရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ တာဝန်များကိုရိုးရိုးသားသား မှန်မှန်ကန်ကန်ဆောင်ရွက်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အနှစ်သာရကိုထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်၍ တည်ငြိမ်အေးချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားခဲ့ပါသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ် ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chiefs' Meeting) သို့ တက်ရောက်ကြမည့် အာဆီယံရေတပ် အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှိနှိုင်းခန်းမဆောင်၌ လာရောက် ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အာဆီယံဒေသအတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက်

EMBASSY OF MYANMAR, TOKYO

ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပူးပေါင်းဆောင်ရွက်သင့်သည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအတွေ့အကြုံများကို အပြန်အလှန် ဖလှယ်နိုင်ရေးကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အာဆီယံရေတပ်များ အချင်းချင်းပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက နိုင်ငံအလိုက် တစ်ဦးချင်းမိတ်ဆက်ကြပြီး အစည်းအဝေးလာရောက်စဉ်နှင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ညှိ့ဝတ်ကျေပွန်စွာဖြင့် စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ (၁၈)ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေး ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် အာဆီယံရေတပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး ပြောကြားခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၁၄

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စု တိုင်းရင်းသား သွေးချင်းများသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် သမိုင်းစဉ် တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်လာခဲ့ကြကြောင်း၊ ထို့ပြင် ထုထည် ပမာဏကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှု အုတ်မြစ်ကြီးများကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ကြကြောင်း၊ ယခုကဲ့သို့ မြန်မာရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊

EMBASSY OF MYANMAR, TOKYO

အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည် မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွ အောင်လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့် မျိုးနွယ်စုကြီးများ အတူတကွ ပေါင်းစည်းထားသည့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာယဉ်ကျေးမှုဟူ၍ ဘုံသဘောဆောင်သည့် အမျိုးသားရေး စရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း မြန်မာတိုင်းရင်းသားများ၏ သုခုမအနုပညာကို လေ့လာကြည့်မည်ဆိုပါက တူရိယာပစ္စည်းများ မည်သို့ပင် ကွဲပြားခြားနား စေကာမူ “ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်” ဆိုသည့် မြန်မာတို့၏ တူရိယာငါးပါး အခြေခံတွင် တစ်စုတစ်စည်းတည်း တူညီစွာပါဝင်လျက် ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် ပြည်နယ်အသီးသီး၏ ရိုးရာအကများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များက အနုပညာရှင်များအနေဖြင့် အတူတကွ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ခြင်း၊ ထိုသို့ ယဉ်ကျေးမှုဖလှယ်ကြခြင်းအားဖြင့် တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးကသိရှိနားလည်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေရုံသာမက တိုင်းရင်းသားရိုးရာအနုပညာရပ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ခေတ်အဆက်ဆက်ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝ ရောက်ခဲ့ရပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ချိုးနှိမ်မှုများကို ခံခဲ့ရကြောင်း၊ သို့သော် မြန်မာအနုပညာရှင်များအနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့ကြသည့်အတွက် ယနေ့အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို မြန်မာ့ရိုးရာသွင်ပြင်ဟန်ပန်အတိုင်း ရေးမူမပျက် ဆက်လက်ဖြစ်ထွန်းနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

အနုပညာရှင်များအားလုံးကို မေတ္တာရပ်ခံမှာကြားလိုသည်မှာ နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့်

EMBASSY OF MYANMAR, TOKYO

ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန် ဖြစ်ထွန်းနေရစေရေး အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်းခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင် ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

EMBASSY TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် သက်ဆိုင်ရာ အဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမှုပေါင်းများစွာ၊ ညှိနှိုင်းဆွေးနွေးမှုများစွာကနေ အခြေတည် ဖြစ်ပေါ်လာခဲ့သည့် မြန်မာနိုင်ငံ၏ သမိုင်းဝင်စာချုပ်တစ်ခုဖြစ်ပါကြောင်း၊ တစ်ဖက်နှင့်တဖက် အပြန်အလှန်နားလည်မှုအပြည့်ဖြင့် လိုက်လျောမှုများ လုပ်ခဲ့ရပါကြောင်း၊ ယခုကဲ့သို့ သဘောတူစာချုပ် ရေးထိုးပြီးချိန်ကတည်းက စာချုပ်ပါကတိကဝတ်များကို လေးစားပြီး တိုင်းပြည်နှင့်လူမျိုး အကျိုးအတွက် ရပ်တည်ခဲ့ကြသည့် EAO များကို တွေ့ရှိရ သကဲ့သို့ ကတိကဝတ်များကို ချိုးဖောက်ပြီး ကိုယ်ကျိုးရှာ နိုင်ငံရေးအမြတ်ထုတ်နေသည့် EAO များ ပေါ်ပေါက်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ NCA လက်မှတ်ရေးထိုးရခြင်း၏ ရည်ရွယ်ချက်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများအရေးနှင့် ဒီမိုကရေစီ အရေးအတွက် ဖြစ်ပါကြောင်း။

EMBASSY OF MYANMAR, TOKYO

တပ်မတော်အနေဖြင့် NCA စာချုပ်ဖြစ်ပေါ်လာပြီး (၃)နှစ်အကြာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားသည့်စိတ်ဖြင့် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမှုများကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာပြီး လိုက်လျောဆောင်ရွက် ပေးခဲ့သည်ကို အားလုံး သိရှိပြီးဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မူဝါဒများကို ချမှတ်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခြင်း၊ လိုက်ပါဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးလမ်းစဉ်ဖြစ်သည့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ကြဖို့လည်း ဖိတ်ခေါ်မှုများကို ပြုလုပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေသည့် ပဋိပက္ခများသည် နိုင်ငံရေး အမြင်မတူမှုများကနေ ပေါ်ပေါက်လာခြင်းဖြစ်တာကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ဖြေရှင်းကြဖို့ ဖိတ်ခေါ်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ အားလုံးက နိုင်ငံအကျိုးအတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းမှာ ပါဝင်လျှောက်လှမ်းကြဖို့ ပြောကြားလိုပါကြောင်း။

မြန်မာ့တပ်မတော်အနေဖြင့် လွတ်လပ်ရေးရပြီးစ ဖဆပလအစိုးရခေတ်ကတည်းက ယနေ့အချိန်ထိ ကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို တာဝန်ပေးချက်အရ ပူးတွဲဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို သက်သေပြခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တပ်မတော်တစ်ခုတည်းမှာသာ အပြည့်အဝတာဝန်ရှိသည်ဟု မမှတ်ယူကြဘဲ ပြည်သူများ၏ အားနှင့် စစ်မှန်တဲ့ပူးပေါင်းပါဝင်မှုအားတို့လည်း လိုအပ်ပါကြောင်း၊ နိုင်ငံ၏ ပထဝီအနေအထား၊ နိုင်ငံရေးအခြေအနေများအရ နိုင်ငံတော်တာဝန်များကို အထူးသတိကြီးစွာ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ယနေ့မှာဆိုရင် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူသည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူပြီး မိမိတို့ အာမခံထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲတွင် ပါတီစုံပါဝင် နိုင်ရေးကို အလေးထားဆောင်ရွက်နေပြီး နယ်မြေဒေသအလိုက် ရွေးကောက်ပွဲကျင်းပနိုင်သည့် လုံခြုံရေးအခြေအနေရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကာလများမှာ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို

EMBASSY OF MYANMAR, TOKYO

တွက်ဆပြီး လုံခြုံရေး ကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်သလို သက်ဆိုင်ရာ EAO များကလည်း ပူးပေါင်း ပါဝင်ပေးကြရန် ပြောကြားလိုကြောင်း။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများကို နှိမ်နင်းဖို့လိုအပ်သည့် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာများကို ထပ်မံဆောင်ရွက်မှာ ဖြစ်သောကြောင့် ပြည်သူများ အနေဖြင့် အကြမ်းဖက်သမားများရဲ့ အသုံးချမှုမခံရအောင် သတိပြုကြဖို့ကိုလည်း မိမိတို့ အနေဖြင့် ထပ်မံအသိပေး ပြောကြားလိုကြောင်း၊ ဒီနေ့အချိန်မှာ အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့နေထိုင်ရာဒေသကို ပြန်ဖျက်ဆီးနေမယ့်အစား မိမိတို့ရှင်သန် ကြီးပြင်းခဲ့ရာ နိုင်ငံတော်၏အကျိုးအတွက် အားလုံးက အရှည်ကိုမျှော်တွေးပြီး ပူးပေါင်း ဆောင်ရွက်ကြဖို့လိုအပ်ကြောင်း၊ မိမိတို့အချင်းချင်းသွေးကွဲပြီး ရန်စောင်နေကြလျှင် နိုင်ငံတော် ၏ စွမ်းအားများလျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြသည့် လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်နိုင်ကြောင်း၊ ဒီနေ့အချိန်အခါတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အနေဖြင့် တပ်မတော်က ဆောင်ရွက်နေသည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ် များတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး မိမိတို့လိုလားချက်များကို တွေ့ဆုံဆွေးနွေးမှုများမှ ညှိနှိုင်း ကြဖို့၊ တောင်းဆိုကြဖို့ တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ မိမိတို့လိုလားချက်ကို တောင်းဆိုလို့ မရဘဲ နိုင်ငံရေးစားပွဲဝိုင်းကိုရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းခြင်းနည်းနှင့်သာ ပဋိပက္ခများကို ပြေလည်စေမှာဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆောင်ပုဒ် အတိုင်း မိမိတို့ အားလုံး "မြန်မာ"ဆိုသည့် အသိစိတ်ဓာတ်ဖြင့် ရှေ့ကိုချီတက်ကြသည့်နေရာတွင် NCA ကို လေးစားလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူပြီး ဖြစ်ပေါ်လာမည့် ရွေးကောက်ပွဲဆိုင်ရာ အကြိုလုပ်ငန်းစဉ်ကဏ္ဍများမှာ EAO များ၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကပါ လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်များထားရှိပြီး တစ်တပ် တစ်အား ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အကြမ်းဖက်သမားများ အလုံးစုံချုပ်ငြိမ်း အဆုံးသတ် သွားနိုင်ရေးအတွက် အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားခဲ့ ပါသည်။

EMBASSY OF MYANMAR, TOKYO



## ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ ထိပ်သီးအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်

(၃-၁၀-၂၀၂၄ ရက်၊ ဒိုဟာ)

ကာတာနိုင်ငံ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်တွင် ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ/ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေး၌ အေစီဒီအဖွဲ့ဝင်နိုင်ငံများက အေစီဒီ ထိပ်သီးအစည်းအဝေးအား အိမ်ရှင်အဖြစ် လက်ခံကျင်းပ သည့် ကာတာနိုင်ငံက သတ်မှတ်ထားသည့် ဘာသာရပ်ခေါင်းစဉ်ဖြစ်သည့် “အားကစားရေးရာ

သံတမန်ဆက်ဆံရေး” အပေါ် ကြိုဆိုခဲ့ကြကာ၊ ကိုယ်စားလှယ်အဖွဲ့အသီးသီးက သက်ဆိုင်ရာ နိုင်ငံအလိုက် မိန့်ခွန်းများ ပါဝင်ပြောကြားခဲ့သည်။

တတိယအကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ၃-၁၀-၂၀၂၄ ရက်၊ နံနက်ပိုင်းတွင် မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တတိယအကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေးအား အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးသည့် ကာတာနိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း၊ အေစီဒီလက်ရှိဥက္ကဋ္ဌ အီရန်နိုင်ငံ၏ ခေါင်းဆောင်မှုကို အသိအမှတ်ပြု ပါကြောင်းနှင့် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဇွန်လက တီဟီရန်မြို့၌ (၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး၊ “တီဟီရန် ကြေညာချက်” အား အဖွဲ့ဝင်နိုင်ငံများအားလုံးက တူညီဆန္ဒဖြင့် အတည်ပြုနိုင်ခဲ့သည်ကို ပြန်ပြောင်းသတိရပါကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ၂၀၂၅ ခုနှစ် အေစီဒီ ဥက္ကဋ္ဌသစ်အဖြစ် လွှဲပြောင်းတာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအား အပြည့်အဝ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးအတွင်း ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် အေစီဒီပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အဖွဲ့ဝင် နိုင်ငံများသည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအလိုက် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ထည့်သွင်း ဆွေးနွေး ပြောကြားခဲ့သည်။

အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများက အေစီဒီအတွင်းရေးမှူးချုပ်အဖြစ် မကြာသေးမီက ခန့်အပ်ခဲ့သည့် ကူဝိတ်နိုင်ငံမှ သံအမတ်ကြီး Nasser Raden Thamer Al-Mutairi နှင့် ဒုတိယ အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည့် အီရန်နိုင်ငံမှ သံအမတ်ကြီး Mohammed Taghi Hosseini တို့အား ဝမ်းမြောက်ဂုဏ်ယူကြောင်း ထည့်သွင်းပြောကြားခဲ့ကြသည်။ ထို့ပြင် အစည်းအဝေးရလဒ် အဖြစ် “ဒိုဟာ ကြေညာချက်” ကို အဖွဲ့ဝင်နိုင်ငံများအားလုံး၏ တူညီဆန္ဒဖြင့် ထုတ်ပြန်နိုင်ခဲ့သည်။

EMBASSY OF MYANMAR, TOKYO

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးအတွင်း နိုင်ငံတော် အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အေစီဒီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား ရှင်းလင်းပြောကြားခဲ့သည်။

အိမ်ရှင် ကာတာနိုင်ငံ အကြီးအကဲ ရှိတ် တမင်း(မ်) ဘင် ဟမတ် အယ်တာနီက တတိယ အကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်လာကြသည့် ကိုယ်စားလှယ် အဖွဲ့များကို ၃-၁၀-၂၀၂၄ ရက် နေ့လယ်တွင် ဒိုဟာမြို့ရှိ ရစ်ကာလ်တန် ဟိုတယ်၌ ဂုဏ်ပြု နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ကို ၂၀၀၂ ခုနှစ်၊ ဇွန်လက ထိုင်းနိုင်ငံ၊ ချာအမ်းမြို့၌ စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ လက်ရှိတွင် အေစီဒီ၌ ဒေသတွင်း အုပ်စု ကြီး (၅) ခုဖြစ်သည့် အရှေ့တောင်အာရှအုပ်စု၊ တောင်အာရှအုပ်စု၊ အနောက်အာရှအုပ်စု၊ ဗဟိုအာရှ အုပ်စုနှင့် အရှေ့အာရှအုပ်စု တို့ကို အသီးသီး ကိုယ်စားပြုသည့် အဖွဲ့ဝင်နိုင်ငံ (၃၅) နိုင်ငံ ပါဝင်သည်။ မြန်မာနိုင်ငံသည် အေစီဒီ စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ယေဘုယျအားဖြင့် အာရှနိုင်ငံများအကြား အပြန်အလှန် အမှီသဟဲပြုရေးကို မြှင့်တင်သွားရန် နှင့် အာရှတိုက်မှ အာရှအသိုက်အဝန်းအဖြစ်သို့ ပြောင်းလဲရန် ရည်ရွယ်လျက် အေစီဒီကို ဖွဲ့စည်းထား ခြင်းဖြစ်သည်။ အေစီဒီအတွင်းရေးမှူးရုံးကို ကူဝိတ်မြို့၌ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် အေစီဒီအဖွဲ့ဝင်နိုင်ငံများအကြား "ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်" နှင့်ကိုက်ညီသည့် အဓိကမဏ္ဍိုင်ကြီး (၆) ခု၌ ဦးစားပေး ပူးပေါင်း ဆောင်ရွက်သွားရန် သဘောတူညီထားသည်။ အဆိုပါ အဓိကမဏ္ဍိုင်ကြီး (၆) ခုမှာ (က) ပေါင်းစည်း ဆက်နွယ်မှု (ခ) သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ (ဂ) ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ (ဃ) စားနပ်ရိက္ခာ၊ စွမ်းအင်နှင့် ရေဖူလုံရေး၊ (င) ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း (စ) အားလုံးပါဝင်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးတို့ဖြစ်သည်။

EMBASSY OF MYANMAR, TOKYO

ကာတာနိုင်ငံ၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေးသို့ အေစီဒီ အဖွဲ့ဝင်နိုင်ငံ (၃၂) နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။






## တတိယအကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေးအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ကာဂျစ် ဒုတိယဝန်ကြီးချုပ်၊ နီပေါ နိုင်ငံခြားရေးဝန်ကြီးတို့နှင့် ဒိုဟာမြို့၌ သီးခြားစီ တွေ့ဆုံ

(၃-၁၀-၂၀၂၄ ရက်၊ ဒိုဟာ)

တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ (အေစီဒီ) ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် ဒိုဟာမြို့သို့ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် ဒေသစံတော်ချိန် ၁၃၀၀ နာရီတွင် ကာဂျစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် မစ္စတာအီဒေးဘိုင်ဆလေဘ့ဗ် နှင့်လည်းကောင်း၊ ၁၃၃၀ နာရီတွင် နီပေါနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာဇူရာနာဒူဘာနှင့်လည်းကောင်း ဒိုဟာမြို့ရှိ ရစ်ကာလ်တန် ဟိုတယ်၌ သီးခြားစီ တွေ့ဆုံခဲ့သည်။

ကာဂျစ် ဒုတိယဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့သည်။ ထို့ပြင် မြန်မာ-ကာဂျစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက် ခိုင်မာစေရေး၊ ကုလသမဂ္ဂနှင့်အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နီပေါ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့် နီပေါ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ကျောင်းသားဖလှယ်ရေး အစီအစဉ်များဖော်ထုတ်ရေး၊ အေစီဒီနှင့် ဘင်မ်စတက် မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်

EMBASSY OF MYANMAR, TOKYO

ဖောက်ကားမှုများအား တိုက်ဖျက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်ရေးအပေါ် မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ ထိပ်သီး အစည်းအဝေး တက်ရောက်ရန် ဒိုဟာမြို့သို့အသွား ဗန်ကောက်မြို့၌ ခရီးတစ်ထောက်ရပ်နားစဉ် ၁-၁၀-၂၀၂၄ ရက် ဒေသစံတော်ချိန် ၁၄၀၀ နာရီတွင် ထိုင်း နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီယမ်ဖုန်နှင့် ဗန်ကောက်မြို့ရှိ အင်တာကွန်တီနန်တယ်လ်ဟိုတယ်၌ တွေ့ဆုံခဲ့သည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အေစီဒီ၊ အာဆီယံနှင့် ဘင်းမ်စတက် မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် လာမည့် ၂၀၂၅ ခုနှစ်တွင် အေစီဒီ ဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ အရေးပါသည့် အခန်းကဏ္ဍအပေါ် ကြိုဆိုကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည်
ကာဂျစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် မစ္စတာအီဒေးဘိုင်ဆလေဘ့ဗ်နှင့် တွေ့ဆုံစဉ်။




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နီပေါနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာဇူရာနာဒူဘာနှင့် တွေ့ဆုံစဉ်။

EMBASSY OF




**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီယမ်ဖုန်နှင့် ဗန်ကောက်မြို့ရှိ အင်တာကွန်တီနန်တယ်လ် ဟိုတယ်၌တွေ့ဆုံစဉ်။**

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲMr. Daihei Mochizuki က ခန့်အပ်လွှာ လာရောက်ပေးအပ်

(၈-၁၀-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Daihei Mochizuki က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ ၁၀၀၀ နာရီတွင် လာရောက်၍ ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်ခဲ့သည်။




## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများနှင့် ရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကျင်းပ

(၈-၁၀-၂၀၂၄ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ၈-၁၀-၂၀၂၄ ရက် ၊ ၁၄၀၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဧရာဝတီခန်းမ၌ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များအား တွေ့ဆုံလျက် ရှင်းလင်းဆွေးနွေးပွဲတစ်ရပ် ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ဖွံ့ဖြိုးမှု အကူအညီကိစ္စရပ်များ

အပါအဝင် ပူးပေါင်းဆောင်ရွက်ရာတွင် ကျင့်သုံးနေသည့် မူဝါဒများနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ပူးပေါင်း ဖြေရှင်းရေး ရှင်းလင်းပြောကြားသည်။

ထိုသို့ရှင်းလင်းပြောကြားရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှု အကူအညီ အမှန်တကယ် လိုအပ်သူများထံသို့ ခွဲခြားမှုမရှိ ဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားကြောင်း၊ ကုလသမဂ္ဂ အေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှု အကူအညီ ပေးမှုများကို ပိတ်ဆို့တားဆီးမှု မရှိကြောင်း၊ လုံခြုံရေး ဆောင်ရွက်ပေးနိုင်သည့် ဒေသအားလုံးကို ခွင့်ပြုဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်း များ၏ ခရီးသွားလာခြင်းကို လုံခြုံရေးကိစ္စအလေးထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့အပြင် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကယ်ဆယ်ရေး လုပ်ငန်းများကို အကူအညီပေးရာတွင် အဓိကသက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပြီး ထိရောက်သည့် အကူအညီဖြစ်စေရန်၊ လုပ်ငန်းမထပ်စေရန် အမျိုးသား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလှူရှင် ကိုယ်စားလှယ်များအနေဖြင့် ဖြန့်ဝေမှုကို လိုက်ပါလိုပါက အတူလိုက်ပါနိုင်ပါကြောင်း၊ တိုင်ဖွန်းမုန်တိုင်းရာဂီဒဏ်သင့်ဒေသများ၌ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုများကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ အဆိုပါကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြား သည်။

ထို့အပြင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် မြန်မာအစိုးရ၏ ဆောင်ရွက် ချက်များနှင့် မြန်မာနိုင်ငံအခြေအနေမှန်များကို သမာသမတ်ကျကျ ဘက်လိုက်မှုမရှိဘဲ နိုင်ငံတကာ အသိုက်အဝန်းသို့ အသိပေးစေလိုကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့် စပ်လျဉ်း၍ လာမည့်အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်း မှန်ကန်မှုရှိစေရန် နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာလ ၁ ရက်မှ စတင်ဆောင်ရွက် လျက်ရှိကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေး

EMBASSY OF MYANMAR, TOKYO

လမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲ လမ်းကြောင်းဖြင့်သော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆောင်ရွက်နိုင်ပါရန်လည်း ဖိတ်ခေါ်ထားကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအေဂျင်စီများက ၎င်းတို့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ အပါအဝင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။



# နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ် အား လက်ခံတွေ့ဆုံ

(၃-၁၀-၂၀၂၄ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ် အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် (၁၀:၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး တိုးတက်ခိုင်မာစေရေးနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ ခရီးသွားလာရေးကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့်နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။



# နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးက ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား လက်ခံတွေ့ဆုံ

(၁၅-၁၀-၂၀၂၄ ရက်၊ နေပြည်တော်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ၁၁၀၀ နာရီအချိန်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် UNOPS အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။



## Yoshinosato Group ၏ လုပ်ငန်းများသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သွားရောက်လေ့လာ

မြန်မာနိုင်ငံသား နည်းပညာအလုပ်သင် သင်တန်းသားများကို ခေါ်ယူ၍ ဂျပန်နိုင်ငံ၏ သက်ကြီးရွယ်အို စောင့်ရှောက်မှုနည်းစနစ်များအား လေ့ကျင့်သင်ကြားပေးလျက်ရှိသော Yoshinosato Group ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန် သည် ၂၅-၁၀-၂၀၂၄ ရက်နေ့တွင် Yoshinosato Group ၏ လုပ်ငန်းများသို့ သွားရောက်လေ့လာခဲ့ပါသည်။

အဆိုပါ လေ့လာရေးအစီအစဉ်၏ ကြိုဆိုပွဲအခမ်းအနား၌ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် Sai no Kuni Health and Social Welfare Cooperative ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံမှ ရေဘေးသင့်ပြည်သူများအတွက် ယန်း ၃ သိန်း လှူဒါန်းပေးခဲ့မှုအား ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာလူငယ်များအား ဂျပန်နိုင်ငံ၏ သက်ကြီးရွယ်အိုစောင့်ရှောက်မှု နည်းစနစ်များအား လေ့ကျင့်သင်ကြားပေးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသားများအား တိုးမြှင့်ခေါ်ယူပေးစေလိုပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့နောက် Yoshinosato Group ၏ ဥက္ကဋ္ဌဖြစ်သူ Ms. Baba Mamiko က Yoshinosato Honkan Nursing Home ၊ Bamba-Kan Nursing Home ၊ Mami Central Kitchen နှင့် Baba-shukusha ဝန်ထမ်းအိမ်ရာတို့အား လိုက်လံရှင်းလင်းပြသပေးခဲ့ပါသည်။ ထိုသို့ Yoshinosato Group ၏ လုပ်ငန်းများသို့ သွားရောက်လေ့လာစဉ် ကုမ္ပဏီမှ ခန့်ထားသည့် မြန်မာဝန်ထမ်းများမှ သံအမတ်ကြီးအား ကြိုဆိုမိတ်ဆက်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ထိုသို့ မြန်မာဝန်ထမ်းများနှင့် တွေ့ဆုံစဉ် သံအမတ်ကြီးက လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ကြရန်၊ ကျန်းမာရေး အထူးဂရုစိုက်ကြရန်နှင့် မြန်မာသံရုံးနှင့် အမြဲထိတွေ့ကာ အခက်အခဲများ ရှိပါက တင်ပြကြရန် မှာကြားခဲ့ပါသည်။

Yoshinosato Group သည် စိုင်းတမပြည်နယ်အခြေစိုက် သက်ကြီးရွယ်အိုများကို စောင့်ရှောက်သည့် လုပ်ငန်းစုဖြစ်ပြီး၊ ကုတင် (၃၁၀)ဆန့် ဆေးရုံ (၁) ရုံ၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေး စင်တာ (၅) ခု၊ ဆေးပေးခန်း (၁)ခု နှင့် လူ(၅၀၀၀) စာချက်ပြုတ်နိုင်သည့် ဗဟိုချက်ပြုတ်ရေး အလုပ်ရုံတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစု ဖြစ်ပါသည်။

EMBASSY OF MYANMAR, TOKYO




**မြန်မာသံအမတ်ကြီး ဦးစိုးဟန်မှ Yoshinosato Group ကုမ္ပဏီမှ ခန့်အပ်ထားသည့် မြန်မာဝန်ထမ်းများနှင့်တွေ့ဆုံစဉ်။**



**Sai no Kuni Health and Social Welfare Cooperative ကုမ္ပဏီ မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းခွင်နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။**

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

(၈-၁၀-၂၀၂၄ ရက်၊ ဗီယင်ကျန်း)

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၈-၁၀-၂၀၂၄ ရက်တွင် ပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၈) ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးနှင့် (၃၅) ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေး ကောင်စီ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပြီး တီမောလက်စ်တေနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးက လေ့လာသူနိုင်ငံအဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးများတွင် (၄၄) ကြိမ်မြောက်နှင့် (၄၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများနှင့် သက်ဆိုင်သည့် အုပ်ချုပ်မှုနှင့် ဘာသာရပ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ ၂၀၂၄ ခုနှစ်အတွင်း အာဆီယံဥက္ကဋ္ဌ လာအိုနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များနှင့် ကဏ္ဍအသီးသီး၌ အကောင်အထည်ဖော် ဆောင်ရွက်မှု ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်း ဆောင်ရွက်မှုများ၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း လမ်းပြမြေပုံ (၂၀၂၅) အား အကောင်အထည် ဆောင်ရွက်နေမှုများ၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) နှင့် ဆက်စပ်ရေးဆွဲလျက်ရှိသည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးမဟာဗျူဟာ စီမံချက်ရေးဆွဲမှု ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ၂၀၂၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များ၊ ဦးစားပေးနယ်ပယ်များနှင့် အာဆီယံ အသိုက်အဝန်း ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ထောက်ခံပြီး အဖွဲ့ဝင်ကောင်းပီသစွာဖြင့် အာဆီယံ

EMBASSY OF MYANMAR TOKYO

နိုင်ငံများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။

(၃၅) ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အစည်းအဝေးတွင် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် အလှည့်ကျတာဝန် ထမ်းဆောင်ရမည့် မြန်မာနိုင်ငံမှ အငြိမ်းစား သံအမတ်ကြီး ဦးစံလွင်အား ခန့်အပ်ရန် အတည်ပြုခဲ့ကြကြောင်း သိရှိရပါသည်။




## (၄၄) ကြိမ်မြောက်နှင့် (၄၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

(၈-၁၀-၂၀၂၄ ရက်၊ ဗီယင်ကျန်း)

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၈-၁၀-၂၀၂၄ ရက်တွင် ပြုလုပ်ခဲ့သည့် (၄၄) ကြိမ်မြောက်နှင့် (၄၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်း အနား၊ (၄၄) ကြိမ်မြောက်

အာဆီယံထိပ်သီးအစည်းအဝေး (မျက်နှာစုံညီ)၊ (၄၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး (သီးသန့်)၊ အာဆီယံနိုင်ငံ့ခေါင်းဆောင်များနှင့် အာဆီယံပါလီမန်များ ညီလာခံ အဖွဲ့ဝင်များနှင့်တွေ့ဆုံပွဲ၊ အာဆီယံနိုင်ငံ့ခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေး အတိုင်ပင်ခံ ကောင်စီဝင်များ တွေ့ဆုံပွဲ၊ အာဆီယံ နိုင်ငံ့ခေါင်းဆောင်များနှင့် အာဆီယံလူငယ်ခေါင်းဆောင် များတွေ့ဆုံပွဲတို့သို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးများသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပြီး တီမောလက်စ်တေနိုင်ငံ၊ ဝန်ကြီးချုပ် က လေ့လာသူနိုင်ငံအဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

(၄၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၂၄ ခုနှစ်အတွင်း အာဆီယံဥက္ကဋ္ဌ လာအိုနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များနှင့် ကဏ္ဍအသီးသီး၌ အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊ တီမောလက်စ်တေနိုင်ငံမှ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေး လမ်းပြမြေပုံအား အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ နှင့် အာဆီယံ၏ ပြင်ပဆက်ဆံရေး တိုးမြှင့်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ (၄၅) ကြိမ်မြောက် ခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးတွင် အာဆီယံတူညီဆန္ဒ (၅) ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး၊ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က တူညီဆန္ဒ (၅) ရပ်အား မြန်မာနိုင်ငံမှ ပူးပေါင်း ဆောင်ရွက်မှုများ၊ မြန်မာအစိုးရမှ နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အကောင်အထည် ဖော်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အာဆီယံနိုင်ငံ့ခေါင်းဆောင်များနှင့် အာဆီယံပါလီမန်များညီလာခံ အစည်းအဝေးတွင် အာဆီယံနိုင်ငံများ၏ လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံ နိုင်ငံ့ခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေး အတိုင်ပင်ခံ ကောင်စီ အစည်းအဝေး၌ အတိုင်ပင်ခံကောင်စီမှ အကြံပြုချက်များအပေါ် အာဆီယံနိုင်ငံ့ ခေါင်းဆောင်များက မှတ်သား ခဲ့ကြပြီး အာဆီယံဒေသတွင်း စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးမြှင့်အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု

EMBASSY OF MYANMAR, TOKYO

တိုးမြှင့်ရေးကိစ္စရပ်များနှင့် ဒေသတွင်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိရေး ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြပါသည်။ အာဆီယံ နိုင်ငံ့ခေါင်းဆောင်များနှင့် အာဆီယံ လူငယ်ခေါင်းဆောင်များ အစည်းအဝေးတွင် အာဆီယံ၏ အနာဂါတ် လူငယ်များ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တု နည်းပညာကဲ့သို့သော ခေတ်မီနည်းပညာများအပေါ် အခြေခံသည့် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးတို့နှင့်စပ်လျဉ်း၍ အလေးထားဆွေးနွေး ခဲ့ကြကြောင်း သိရှိရပါသည်။




## အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

(၁၀-၁၀-၂၀၂၄ ရက်၊ ဗီယင်ကျန်း)

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၁၀-၁၀-၂၀၂၄ ရက်တွင် ပြုလုပ်ခဲ့သည့် (၂၇) ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေး၊ (၂၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၂၅) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၂၇) ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၂၁) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ

ထိပ်သီးအစည်းအဝေး၊ (၄) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ ထိပ်သီး အစည်းအဝေး၊ အာဆီယံပေါင်းစည်းဆက်သွယ်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုကိုမြှင့်တင်ခြင်းဆိုင်ရာ အာဆီယံ-ကနေဒါ အထူးထိပ်သီးအစည်းအဝေးနှင့် အရှေ့တောင် အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်သို့ လူဇင်ဘတ်နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတို့သို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ နှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပြီး တီမောလက်စ်တေနိုင်ငံ၊ ဝန်ကြီးချုပ်က လေ့လာသူ အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးတွင် အာဆီယံအပေါင်းသုံး ယန္တရား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား ပြန်လည်သုံးသပ်ကာ အနာဂတ်ကာလ ပူပေါင်း ဆောင်ရွက်မည့် အစီအစဥ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များအပေါ်တွင်လည်းကောင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အာဆီယံ–တရုတ်၊ အာဆီယံ–ကိုရီးယား၊ အာဆီယံ–ဂျပန်၊ အာဆီယံ–အိန္ဒိယ၊ အာဆီယံ-ဩစတြေးလျနှင့် အာဆီယံ-ကနေဒါ ထိပ်သီးအစည်းအဝေးတို့၌ အာဆီယံနှင့် ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ငန်းစီမံချက်အသီးသီးကို လက်ရှိအကောင်အထည် ဖော်လျက်ရှိသည့် အခြေအနေနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားကာ၊ အာဆီယံ အသိုက်အဝန်း၏ မဏ္ဍိုင် (၃) ရပ်ကို မြှင့်တင်သွားရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

EMBASSY OF MYANMAR, TOKYO




EMBASSY OF MYANMAR

## တိုင်ဖုန်းမုန်တိုင်းရာဂီကြောင့် ထိခိုက်ခံစားရသည့် မြန်မာပြည်သူများအတွက် ဂျပန်အစိုးရမှ အရေးပေါ် အကူအညီပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ခြင်း

တိုင်ဖုန်းမုန်တိုင်းရာဂီကြောင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးမှု၊ မြေပြိုမှုများကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအတွက် ဂျပန်အစိုးရမှ အရေးပေါ် အကူအညီအဖြစ် အမေရိကန် ဒေါ်လာ ၂ သန်း ပေးအပ်သွားမည် ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၈-၁၀-၂၀၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် အဆိုပါအရေးပေါ်အကူအညီအောက်တွင် ဂျပန်နိုင်ငံအနေဖြင့် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration- IOM) ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေ (United Nations Children’s Fund-UNICEF) နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (United Nations World Food Programme-WFP) တို့မှတစ်ဆင့် ရေ၊ သန့်စင်ရေး၊ တစ်ကိုယ်ရေသန့်စင်ရေး၊ အစားအစာ၊ ယာယီတဲစသည့် ကဏ္ဍ များအတွက် ပေးအပ်သွားမည်ဖြစ်ကြောင်း။

မဲခေါင်မြစ်ဝှမ်းဒေသသည် ရေကြီးမှုအပါအဝင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ရန် အလား အလာများသည့် ဒေသဖြစ်ကြောင်း၊ မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ၂၀၂၄ တွင် အတည်ပြုခဲ့သည်နှင့်အညီ ဂျပန်အစိုးရအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရာတွင် မဲခေါင်ဒေသ၌ ရေဘေးနှင့်ဆိုင်သော သဘာဝဘေးအန္တရာယ် လျှော့ချမှု လုပ်ငန်းစဉ်များတွင် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွက် UNICEF မှတစ်ဆင့် သန့်စင်ရေး၊ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ သန်းကိုလည်းကောင်း၊ WFP မှတစ်ဆင့် အစားအစာအတွက် အမေရိကန်ဒေါ်လာ ၁ သန်းကိုလည်းကောင်း ပေးအပ်သွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

## မြန်မာနိုင်ငံအနေဖြင့် ပနားမီးပုစွန်ဖြူကို တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုရှိ ရေငန်မွေးမြူရေးကန်များတွင် ပနားမီး ပုစွန်ဖြူကို စီးပွားဖြစ်မွေးမြူထုတ်လုပ်၍ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ အဓိကတင်ပို့လျက် ရှိပါသည်။ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ပနားမီး ပုစွန်ဖြူသည် အရည်အသွေး ကောင်းမွန်သောကြောင့် ပြည်ပနိုင်ငံမှ ဝယ်လိုအား မြင့်တက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံခြား ဝင်ငွေရရှိမှု သေချာသော ရေငန်ပုစွန်မွေးမြူမှုကို ရေလုပ်ငန်းရှင်များမှလည်း ပိုမိုစိတ်ဝင်စား လျက်ရှိကြပါသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံတို့ အနေဖြင့် ရေထွက်ကုန်တင်ပို့သည့်ကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်နိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။ ထိုသို့နားလည်မှု စာချွန်လွှာရေထိုးနိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံမှ ပင်လယ်ငါးနှင့် ပုစွန်များအပြင် ရေငန်ပုစွန်ဖြူကိုပါ တိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိစေခဲ့ပါသည်။

ပနားမီးပုစွန်ဖြူကို မြိတ်ကျွန်းစုတွင် ၆ ပေအနက်ရှိသည့် နှစ်ဧကခွဲကန် တစ်ကန်လျှင် ပုစွန် ကောင်ရေ ၂ သန်းမှ ၄ သန်းအထိ မွေးမြူလေ့ရှိပါသည်။ ဧက ၁၀၀ ကျယ်သော ပုစွန်ကန်များတွင် ဧက ၄၀ ကို ပင်လယ်ရေသိုလှောင် သန့်စင်သောကန်အဖြစ် ထိန်းသိမ်းထား

ရှိ၍ ကျန်ကေ ၆၀ တွင် ပုစွန်မွေးမြူလျက် ရှိပါသည်။ ပနားမီးပုစွန်ဖြူကို ၃ လ (သို့မဟုတ်) ၄ လ မွေးမြူပြီးပါက ရောင်းတန်းဝင် အဆင့်သို့ရောက်ရှိပြီး၊ ထိုင်းဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိပါသည်။ ပုစွန်မွေးမြူသော ကုမ္ပဏီများအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ဝင်ငွေရရှိလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပနားမီးပုစွန်မျိုးစိတ်များနှင့် အစာကို ထိုင်းနိုင်ငံမှ ဝယ်ယူလျက် ရှိပြီး၊ ပြုတ်ပြီးသား ပနားမီးပုစွန်ဖြူကို တရုတ်နိုင်ငံသို့လည်းကောင်း၊ အေးခဲပုစွန်ကို ဂျပန်နိုင်ငံသို့ လည်းကောင်း တင်ပို့လျက် ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်ရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ၈၃၂ ကေဠ ပုစွန်မွေးမြူရေးကန် ၁၀၅ ကန်၊ ခိုင်ဇင်ယော်ကုမ္ပဏီ (မစမ်းပါး)၏ ၅၃၁.၀၅ ကေဠ ပုစွန် မွေးမြူရေးကန် ၅၃ ကန်၊ ပုလောမြို့နယ် ရွှေကံမော်ကုမ္ပဏီ၏ ၂၉၉.၇၇ ကေဠ ပုစွန်မွေးမြူရေးကန် ၂၅ ကန် နှင့် ထူးထူးတိုးကုမ္ပဏီနှင့် ဩဘာစံကုမ္ပဏီတို့၏ မွေးမြူရေးကန် ၁၀ ကန်မှ ၁၅ ကန် အပါအဝင် စုစုပေါင်း ပနားမီးပုစွန်ဖြူ မွေးမြူရေးကန်ပေါင်း ၂၀၀ ကျော်မှ လေးလတစ်ကြိမ် ပုစွန်ဖြူ မွေးမြူ ထုတ်လုပ်၍ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့လျက် ရှိပါသည်။

*Source: The Global New Light of Myanmar (4-10-2024)*

